လာအိုနိုင်ငံကြီးတွေနေရသည့် ရေကာတာပြိုကျမှုဘေးအန္တရာယ်ကို မြန်မာနိုင်ငံအစိုးရအနေဖြင့်သင်ခန်းစာယူသင့်

ဂျူလိုင်လ ၂၆ ရက်နေ့ ၂၀၁၈

လာအိုနိုင်ငံ ရေကာတာပြိုကျမှုအပေါ် မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ယက်အနေဖြင့် အင်မတန်မှဝမ်းနဲရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဖြစ်ရပ်မျိုးမြန်မာနိုင်ငံတွင်မဖြစ်ပွားဖို့ရန် မြန်မာအစိုးရအနေဖြင့် လက်ရှိရေကာတာကြီးများ၏ ရေရှည်ခိုင်ခံ့မှုကို စစ်ဆေးပြီး ရေကာတာအသစ် ထပ်မံတည်ဆောက်မှုများမပြုလုပ်ရန် တောင်းဆိုလိုပါသည်။

မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၂၃ ရက်နေ့တွင် လာအိုနိုင်ငံအရှေ့တောင်ပိုင်း Attapeu ပြည်နယ်ရှိ တည်ဆောက်ဆဲ Xepian-Xe Nam Noy ရေကာတာမှာ ပြိုကျခဲ့ပါတယ်။ ပျမ်းမျှလူဦးရေ ၃၀၀ ကျော်ပျောက်ဆုံးနေပြီး ပြည်သူ ၆၀၀၀ ကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။

အဆိုပါရေကာတာကို ၂၀၁၃ ခုနှစ်မှစတင်၍ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယား နဲ့ လာအိုနိုင်ငံတို့ ပူးတွဲတည်ဆောက်ခဲ့ပြီး နောင်လာမယ့်နှစ်မှာ အပြီးသတ်တည်ဆောက်ဖို့ဖြစ်ပါတယ်။ ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိတဲ့ ရေကာတာမှထွက်ရှိမယ့် ၉၀ ရာခိုင်နှုန်းသော လျှပ်စစ်စွမ်းအင် ၄၁၀ မီဂါဝပ် ကိုထိုင်းနိုင်ငံသို့တင်ပို့ရောင်းချသွားဖို့ဘဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ထုတ်လုပ်ပေးတဲ့ ရေကာတာကြီး ၂၆ ခု ရှိပါတယ်။ ဒုံအပြင် နောက်ထပ် ရေကာတာ ၅၀ ကို ထပ်မံဆောက်လုပ်သွားမယ့် စီမံကိန်းတွေလည်းရှိနေပါတယ်။ အဓိကဆောက်လုပ်ရတဲ့အကြောင်းရင်းကတော့ အိမ်နီးချင်းနိုင်ငံတွေကို လျှပ်စစ်စွမ်းအင် တင်ပို့ရောင်းချဖို့ဖြစ်ပါတယ်။ ဒေသခံလူမှုအသိုင်းအဝိုင်းတွေက သဘာဝပတ်ဝန်းကျင်နဲ့ လူမှုအသိုင်းအဝိုင်းပေါ်ကို ကျရောက်လာနိုင်တဲ့ဘေးအန္တရယ်တွေကြောင့် ရေကာတာတွေ ဆောက်လုပ်နေတာကို ကန့်ကွက်နေခဲ့တာကြာပြီဖြစ်တယ်။ နောက်တစ်ချက်က အဲဒီရေကာတာအများစုက စစ်ဖြစ်ပွားနေတဲ့နေရာမှာရှိနေတဲ့ အတွက်ကြောင့်ဘဲ။ သစ်တောပြုန်းတီးမှုနဲ့ ရာသီဥတုပြောင်းလဲမှုတွေကလည်း အဖြစ်များလာတဲ့အတွက် - ငလျင်နဲ့ မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ရေကာတာကျိုးပေါက်သွားမှာကို ဒေသခံလူထုအနေနဲ့ အလွန်စိုးရိမ်ထိတ်လန့်နေကြပါတယ်။

လာအိုနိုင်ငံ ရေကာတာပြိုကျတာဟာသူတို့တွေရဲ့အကြီးမားဆုံးသောစိုးရိမ်ထိတ်လန့်မှုကိုမြင်တွေ့လာစေတယ်။

"လာအိုမှာဖြစ်ပွားခဲ့တဲ့ဒီဘေးအန္တရာယ်က မြန်မာနိုင်ငံအစိုးရကို လှုံ့ဆော်သတိပေးတဲ့အရာတစ်ခုဖြစ်သင့်တယ်" လို့ မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ယက်ရဲ့ ပြောရေးဆိုခွင့်ရှိသူ မိအားချိုင်က ပြောပါတယ်။ "လက်ရှိအစိုးရအနေနဲ့ အခုရှိနေတဲ့ရေကာတာတွေအားလုံးရဲ့ ရေရှည်ခိုင်ခံ့မှုကိုစစ်ဆေးပြီးတော့ ရေကာတာစီမံကိန်းအသစ်တွေကို ရပ်ဆိုင်းထားဖို့လိုတယ်။"

BRN ၏သဘောထားမှာ လက်ရှိဖြစ်ပွားနေသောပဋိပက္ခများပြီးဆုံးပြီး ဖရယ်ဒရယ်ဒီမိုကရေစီစနစ်အောက်တွင် အာဏာခွဲဝေပေးမှုများရရှိလာသည်အထိ မြန်မာနိုင်ငံရှိ ရေကာတာစီမံကိန်းများကိုဆိုင်းငံထားရန်လိုအပ်ကြောင်း တင်ပြတောင်းဆိုခြင်းဖြစ်ပါသည်။

ဆက်သွယ်ရန်။ ။

မိအားချိုင်း - 09 2557 84905

ခွန်ထက်စိုး - 09 2625 45141